# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 17 , 2025 — Volume 88 , Number 8


**၁၇.၃.၂၀၂၅**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၅၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၄.၁၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၁၆.၀၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၀.၈၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၀၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၉၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၁၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ပြည်ပပို့ကုန်ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံနှင့် မတ်ပဲဈေးနှုန်းတည်ငြိမ်နေ




ပြည်ပပို့ကုန်ပဲအမျိုးအစားများဖြစ်သည့် ပဲစင်းငုံနှင့်မတ်ပဲတို့မှာ ဖေဖော်ဝါရီလတွင် ဈေးနှုန်းပြောင်းလဲမှုများရှိသော်လည်း မတ်လအတွင်း ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း ပဲကုန်သည်များထံကသိရသည်။

အိန္ဒိယနိုင်ငံမှ မတ်ပဲအား အခွန်ကင်းလွတ်ခွင့် သက်တမ်းထပ်မံတိုးမြှင့်လိုက်ခြင်း၊ ပဲစင်းငုံမှာလည်း အခွန်းကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်သက်တမ်းတိုးထားခြင်းကြောင့် ဈေးကွက်တည်ငြိမ်နေပြီး ဈေးနှုန်းမှာလည်း တည်ငြိမ်လျက်ရှိခြင်းဖြစ်သည်။

ပြည်ပပို့ကုန်ပဲများဈေးနှုန်းတည်ငြိမ်နေပြီး ပြည်တွင်းသုံးပဲအမျိုးအစားမှာ နယ်ပယ်ပေါင်းစုံဝင်ရောက်မှုများရှိလာခြင်းကြောင့် လှောင်လက်များက စောင့်ကြည့်ဝယ်ယူနေကြသဖြင့် ဈေးနှုန်းအားဖြင့် အနည်းငယ်အေးလာသည်။

"မတ်ပဲနဲ့ပဲစင်းငုံက အဓိက အိန္ဒိယဈေးကွက်ကိုတင်ပို့နေတာဖြစ်ပါတယ်၊ သူတို့က အခုလိုဝယ်ယူမှုသေချာသွားတဲ့အတွက်သိုလှောင်သူတွေကဝယ်ယူမှုသွက်လက်လာတယ်ဒါကြောင့် စိုက်ပျိုးသူတွေအဆင်ပြေသလို၊ ကုန်သည်တွေလည်းအဆင်ပြေကြတယ်" ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

မြန်မာနိုင်ငံအတွင်း မတ်ပဲ၊ ပဲစင်းငုံတို့မှာရာသီဥတုကြောင့် ပိုးမွှားများအနည်းငယ်ကျဆင်းမှုတို့ကြောင့် ထွက်နှုန်းအနည်းငယ်ထိခိုက်ခဲ့ကြောင်းထို့အတွက် ဈေးနှုန်းအားဖြင့် ယခင်လများထက် ပိုမိုဈေးကောင်းနိုင်ချေရှိကြောင်း ကုန်သည်များကသုံးသပ်ထားသည်။

မတ် ၁၂ ရက်တွင် ပို့ကုန်မတ်ပဲ(အသစ်)တစ်အိတ်လျှင်ငွေကျပ် ၂၈၀,၀၀၀၊ ပဲစင်းငုံမှာသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ်၂၇၈,၀၀၀ခန့်ပေါက်ဈေးရှိနေသည်။

ပဲတီစိမ်း(အညာ)တစ်အိတ်လျှင်ငွေကျပ်၂၇၅,၀၀၀ပေါက်ဈေးရှိနေသည်။ပြည်တွင်းသုံး အသစ်ဝင်ကုလားပဲပေါက်ဈေးများမှာ ကုလားပဲလုံး V2 ကုလားပဲ – ၅၇ ဒသမ ၂၅ ပိဿာ ( သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၃၀,၀၀၀၊V7 ကုလားပဲ– ၅၇ ဒသမ၂၅ ပိဿာ (သစ်) တစ်အိတ်လျှင် ငွေကျပ် ၂၄၅,၀၀၀၊ ထိုင်ဝမ်ကုလားပဲ – ၅၆ ဒသမ၂၅ ပိဿာ(သစ်) တစ်အိတ်

လျှင် ငွေကျပ် ၂၁၀,၀၀၀၊ 929 ကုလားပဲ – ၅၆ ဒသမ ၂၅ ပိဿာ (သစ်)တစ်အိတ်လျှင်ငွေကျပ် ၂၂၃,၀၀၀ အသီးသီးပေါက်ဈေးရှိသည်။

အသစ်ဝင်ပဲမာလိုင်းများမှာပဲလွန်းဖြူပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၀,၀၀၀၊ ပဲလွန်းပြာ ပိဿာ ၆၀ တစ်အိတ်လျှင် ငွေကျပ်၂၀၀,၀၀၀၊ပဲကြီးတစ်အိတ်လျှင်ငွေကျပ်၂၇၅,၀၀၀၊ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ်၃၂၀,၀၀၀၊ စားတော်ပဲ(ကနေဒါ) တစ်အိတ်လျှင် ငွေကျပ်၃၄၅,၀၀၀၊ကျွန်းစားတော်ပဲတစ်အိတ်လျှင်ငွေကျပ် ၃၆၀,၀၀၀–၃၇၀,၀၀၀ ၊ မြေပဲလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၉၃၀၀– ၉၅၀၀ ပေါက်ဈေးရှိသည်။

မန္တလေးဈေးကွက်တွင်ပြောင်းဖူး(ဗမာ) ၅၄ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၈၃,၀၀၀– ၈၄,၀၀၀ ပြောင်းဖူး(ရှမ်း) ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၄,၀၀၀ – ၈၅,၀၀၀၊ပြောင်းဖူး(CP) ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၈၅,၀၀၀ –၈၆,၀၀၀၊အထွက်တိုး ပြောင်း(ဖြူ) ၅၃ တစ်ပိဿာတစ်အိတ်လျှင်ငွေကျပ် ၈၃,၀၀၀ အသီးသီးပေါက်ဈေးရှိသည်။

**Source : မကွေးဂျာနယ်**

## ပွင့်ဖြူမြို့နယ်၌ ဆောင်းကြက်သွန်နီစိုက်ခင်းများ စတင်နုတ်သိမ်းနေပြီး တစ်ဧကလျှင် ကြက်သွန်နီပိဿာ ၅၀၀၀ ကျော်ထွက်ရှိ



မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းများကို ဒေသခံတောင်သူများက နွေသီးနှံ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းလျက်ရှိရာ လက်ရှိအချိန်ထိ ဧက ၃၀၀ကျော်နုတ်သိမ်းပြီးစီးပြီဖြစ်ကာ တစ်ဧကလျှင် ကြက်သွန်နီပိဿာ ၅၀၀၀ ကျော်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားရေရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေသီးနှံဝင်ငွေတိုးပွားစေဖို့ရည်ရွယ်ပြီး ကြက်သွန်နီ ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေဖူလုံတဲ့အတွက် ကြက်သွန်နီစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ဒီနှစ်မှာ ကြက်သွန်နီဈေးလည်း ကောင်းတာကြောင့်ဒေသတွင်းက ကြက်သွန်နီစိုက်တောင်သူတွေအဆင်ပြေကြပါတယ်။ကြက်သွန်နီသိမ်းဆည်းတာနဲ့ပတ်သက်ပြီး အထွက်နှုန်းလျော့နည်းမှုမဖြစ်အောင် အချိန်မီနုတ်သိမ်းကြဖို့ အသိပညာပေးတာတွေဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၁၁၂၄ ဧက စိုက်ပျိုးရန်လျာထားပြီး ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့သည့်အတွက် လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို မဲဇလီကျေးရွာ၊ ဆည်တော်ကျေးရွာ၊ကြူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများ၌ အများဆုံးလုပ်ကိုင်ကြကြောင်း၊ အဆိုပါကျေးရွာများရှိ ဒေသခံတောင်သူများသည် သီးနှံဝင်ငွေ တိုးပွားရေးအတွက် ကြက်သွန်နီစိုက်ပျိုးရေးလုပ်ငန်းကို မိုးရာသီနှင့်ဆောင်းရာသီတွင် ပိုမိုလုပ်ကိုင်ကြကြောင်း၊နိုင်ငံတော်အစိုးရမှ စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင်ကူညီဆောင်ရွက်ပေးလျက်ရှိရာ တောင်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများပိုမိုအောင်မြင်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**Source :** https://www.myawady.net.mm/

## ဈေးကွက်အတွင်း ဘိလပ်မြေဈေးကျဆင်းလာ



ပြည်ပမှတင်သွင်းထားသည့် ဘိလပ်မြေများဝင်ရောက်လာခြင်းကြောင့် ဈေးကွက်အတွင်း ဘိလပ်မြေဈေးအနည်းငယ်ကျဆင်းလာကြောင်း အုတ်၊ သဲ ကျောက်ရောင်းဝယ်သူများထံက သိရသည်။

ဘိလပ်မြေများပစ္စည်းပြတ်ပြီးနောက် ဈေးနှုန်းများမြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ နောက်ဆုံးပတ်မှစတင်ကာ ပြည်ပမှတင်သွင်းထားသည့် ဘိလပ်မြေများ ပုံမှန်ပြန်ဝင်လာသည့်အတွက် ဈေးကျဆင်းလာခြင်းဖြစ်ကြောင်း သိရသည်။

ယခင်က ဘိလပ်မြေတစ်အိတ်လျှင် ကျပ် ၁၀,၀၀၀ ကျော်သာရှိခဲ့ရာမှ ဘိလပ်မြေအမျိုးအစားအလိုက် တစ်အိတ်လျှင် ကျပ် ၃၀,၀၀၀ ကျော်အထိ ဈေးပေါက်ခဲ့သည်။ယခုအခါ ဘိလပ်မြေတစ်အိတ်လျှင်ကျပ် ၂၀,၀၀၀ ဝန်းကျင်သို့ပြန်လည်ကျဆင်းလာပြီး ဒေသအလိုက်ဈေးနှုန်းကွာဟမှုအနည်းငယ်ရှိနိုင်ကြောင်း သိရသည်။

ပြည်ပမှတင်သွင်းသည့် ဘိလပ်မြေများ ပြီးခဲ့သည့် ဖေဖော်ဝါရီလနောက်ဆုံးပတ်နှင့်မတ်လပထမပတ်တို့တွင် ရန်ကုန်ဆိပ်ကမ်းများသို့ ရောက်ရှိခဲ့ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## ခရမ်းသီးများလှိုင်လှိုင်ထွက်ပေါ်၍ ဈေးကျ



ခရမ်းသီးပင်ကို တစ်နှစ်ပတ်လုံးစားသုံး၍ ရအောင်စိုက်ပျိုးကြသည်ဟုဆိုသော်လည်းဆောင်းတွင်းကာလ၌ နှင်းကျ၍ အပင်ဖြစ်ထွန်းမှုနည်းပြီး အထွက်နှုန်းနည်းတတ်သည်။ ယခုအခါနွေဦးရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နှင်းလွတ်သွားသောကြောင့် ခရမ်းသီးပင်များဖြစ်ထွန်းမှုအားကောင်းလာပြီး ခရမ်းသီးများလှိုင်လှိုင်ထွက်ပေါ်နေပြီဖြစ်သည်။

ခရမ်းသီးသည် နေရာဒေသမရွေးစိုက်ပျိုးနိုင်သည့် ဒေသထွက်သီးနှံတစ်မျိုးဖြစ်ပြီး မြစ်ရေကျမြေနုလွင်ပြင်များတွင်လည်း အများဆုံးစိုက်ပျိုးကြသည်။ ယခင်လများက ပြင်ဦးလွင်နှင့်ရှမ်းပြည်နယ်ဘက်မှ အသီးများသာ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်ခဲ့သော်လည်း ယခုလတွင် ကျောက်ဆည်၊ စဥ့်ကိုင်၊ ပလိပ် ဒေသထွက် ခရမ်းသီးများ အများအပြား ဝင်ရောက်လျက်ရှိသည်။ ဒီဇင်ဘာလအတွင်း၌ ခရမ်းသီးအကြီး ၂၅ ကျပ်သားလျှင် ၈၀၀ကျပ်၊ ခရမ်းကြွပ်သီး၂၅ကျပ်သားလျှင် ၁၂၀၀ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာမှ ယခု မတ်လဆန်းပိုင်းတွင်ခရမ်းသီး အကြီး ၂၅ ကျပ်သားလျှင် ၄၀၀ ကျပ်၊ ခရမ်းကြွပ်သီး ၂၅ ကျပ်သားလျှင် ၆၀၀ ကျပ် ဈေးနှုန်းများဖြင့်ရောင်းဝယ်လျက်ရှိခြင်းကြောင့် ခရမ်းသီးဈေးနှုန်းများ သိသိသာသာကျဆင်းလျက်ရှိကြောင်း သိရသည်။

**Source: https://www.doca.gov.mm**

## ထိုင်းနိုင်ငံ၌ ဆန်ဈေးနှုန်းဆက်လက်ကျဆင်းနေသောကြောင့် တောင်သူများ၏ဝင်ငွေအတွက် ငှက်ပျောစိုက်ပျိုးသွားရန် အစိုးရက တိုက်တွန်းအားပေးသွားရန်ရှိ

ထိုင်းနိုင်ငံ၌ ဆန်စပါးဈေးနှုန်းဆက်လက်ကျဆင်းနေသောကြောင့် တောင်သူများအနေဖြင့် ၎င်းတို့၏ဝင်ငွေကို ပြန်လည်ဖြည့်တင်းနိုင်ရန် ငှက်ပျောစိုက်ပျိုးနိုင်ရေး အစိုးရအနေဖြင့် တိုက်တွန်းသွားရန်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E Mr. Pichai Naripthaphan က ပြောကြားခဲ့သည်။

ပြည်သူ့ပါတီမှ Mr. Narongdesch Ularnkul က အစိုးရအနေဖြင့် ဈေးကွက်အတွင်း ဆန်စပါးဈေးနှုန်းကို မြှင့်တင်မည့် အစီအမံနှင့်စပ်လျဉ်း၍ မေးမြန်းသည့်အပေါ် ဝန်ကြီးက ပိုလျှံမှုဖြစ်ပေါ်နေသဖြင့် ဈေးနှုန်းသည် အကျဘက်သို့ သွားနေပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် တောင်သူများအတွက် အလွယ်တကူစိုက်ပျိုးနိုင်ပြီး အမြတ်ရရှိနိုင်သည့် အခြားသော တန်ဖိုးရှိသီးနှံ

ကိုစိုက်ပျိုးရန် ရှာဖွေပေးလျက်ရှိကြောင်း၊ ယင်းသို့ရှာဖွေရာတွင် အထွက်နှုန်းကောင်းပြီး ၁ နှစ်လျှင် တန်ချိန် ၁ သန်းခန့် ဝယ်လိုအားရှိသော ဂျပန်အပါအဝင် နိုင်ငံခြားဈေးကွက်၌ ဝယ်လိုအားမြင့်မားသည့်ငှက်ပျောကိုစဉ်းစားနိုင်ကြောင်း၊လက်ရှိတွင် ထိုင်းနိုင်ငံသည် ၁ နှစ်လျှင် ငှက်ပျော တန်ချိန် ၈,၀၀၀ ခန့်ထုတ်နိုင်ပြီး တန်ချိန် ၂,၀၀၀ ခန့်ကို တင်ပို့လျက်ရှိကြောင်းဝန်ကြီးက ပြောကြားခဲ့သည်။

တောင်သူများကို ငှက်ပျောစိုက်ပျိုးရန်မတိုက်တွန်းမီစိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနနှင့် ဦးစွာတိုင်ပင်ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံအဆင့် ဆန်စပါးမူဝါဒနှင့်စီမံခန့်ခွဲမှုကော်မတီကို အစဉ်အလာအရ ဝန်ကြီးချုပ်များကို ဦးဆောင်သော်လည်း ယခုအခါ ဘဏ္ဍာရေးဝန်ကြီး H.E Mr. Pichai Chunhavajira ကို ဦးဆောင်စေကြောင်း Mr. Narongdesch က အကြံပြုသုံးသပ်ထားသည်။

အစိုးရသည် အာဖရိကနှင့်တရုတ်စသည့်နိုင်ငံများစွာနှင့် ဆန်ရောင်းချရေးစာချုပ်များမှတစ်ဆင့် ဆန်လက်ကျန်များကို ရောင်းချမည်ဖြစ်ကြောင်း၊ ဆန်ဈေးနှုန်းမြင့်တက်စေရန် မည်သို့ဆောင်ရွက်သည်ကို အိန္ဒိယနှင့် ဗီယက်နမ်တို့နှင့် ဆွေးနွေးနိုင်ရေးရှာဖွေနေပါကြောင်း၊ တောင်သူများကို ရာသီလွန်ဆန်စပါးအတွက် ၁ တန်လျှင် ဘတ် ၁၀၀၀ ထောက်ပံ့မည့် အဆိုပြုလွှာကို မူကြမ်းပြုစုလျက်ရှိကြောင်း ဝန်ကြီး Mr. Pichai က ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏အခွန်များသည် ထိုင်းပို့ကုန်ကုန်ကျစရိတ်များကို မြင့်တက်လာစေနိုင်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏သွင်းကုန်များအပေါ်ကောက်ခံမည့်အခွန်မူဝါဒကြောင့် ထိုင်းပို့ကုန်များအတွက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာကုန်ကျစရိတ်များသည် ၆ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအကြား မြင့်တက်လာနိုင်ကြောင်း Joint Standing Committee on Commerce, Industry and Banking (JSCCIB) က ပြောကြားခဲ့သည်။

မတ်လအတွင်း သံမဏိနှင့်အလူမီနီယံသွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်းနှင့် မော်တော်ယာဉ်သွင်းကုန်များအပေါ် ၂၅ ရာခိုင်နှုန်းကို လာမည့်လအတွင်း ကောက်ခံသွားရန် ထရမ့်ကကြေညာခဲ့ပါကြောင်း၊ ယင်းသည် ထိုင်း သင်္ဘောလုပ်ငန်းရှင်များအတွက် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ကုန်သွယ်ရေးပဋိပက္ခ၏ သက်ရောက်မှုကို ဖြေရှင်းရန် အရေးကြီးအစီအမံများလိုအပ်ပါကြောင်း၊ ဝန်ကြီးချုပ်ကလည်း မိမိတို့နှင့်တွေ့ဆုံရန် လျာထားကြောင်း သိရှိရသဖြင့် ယင်း ပြဿနာရပ်များကို ဆွေးနွေးရန် အဆင်သင့်ရှိပါကြောင်း၊ ထရမ့်၏ကုန်သွယ်ရေးမူဝါဒအသစ်များကို စောင့်ကြည့်ရန်နှင့် အဖြေရှာနိုင်ရေး သတင်းအချက်အလက်များ မျှဝေရန် အစိုးရ-ပုဂ္ဂလိကပါဝင်သော ပူးတွဲအဖွဲ့တစ်ဖွဲ့ဖွဲ့စည်းစေလိုကြောင်း ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်ဥက္ကဋ္ဌ Mr. Kriengkrai Thien–nukul က ပြောကြားခဲ့သည်။

အသစ်ဖြစ်လာသော အမေရိကန်-တရုတ်ကုန်သွယ်ရေးပဋိပက္ခကြောင့် အချို့သောတရုတ်ကုမ္ပဏီများသည် ကုန်ပစ္စည်းများထုတ်လုပ်တင်ပို့ရန် ထိုင်းစက်ရုံများကို လျှို့ဝှက်စွာအသုံးပြုလာမည်ကို စိုးရိမ်ပါကြောင်း၊ ထိုင်းထုတ်လုပ်မှုညွှန်းကိန်းအားနည်းနေချိန်တွင် တရုတ်ကုမ္ပဏီအချို့က စက်မှုပို့ကုန်များ ပိုမိုမြင့်တက်လာကြောင့် အစီရင်ခံခဲ့ပါက သံသယများမြင့်တက်လာနိုင်ကြောင်း၊ ပြည်တွင်းမော်တော်ကားရောင်းအားကို မြှင့်တင်ရန် ယခင်နှစ်က အဆိုပြုခဲ့သော ပစ်ကပ်ချေးငွေကိုမြှင့်တင်ရန် ဘတ် ၅ ဘီလီယံ ထူထောင်မည့်အဆိုပြုလွှာသည် တိုးတက်မှုရှိလာနိုင်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားခဲ့သည်။

**Source: www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/

## ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုက ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်တက်



ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် ဒေါ်လာ ၃၃ ထရီလီယံအထိ စံချိန်တင်မြင့်တက်လာခဲ့သည်ဟု ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့က ထုတ်ပြန်သည့်အစီရင်ခံစာတွင်ဖော်ပြသည်။

ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုမြင့်တက်လာခြင်း၏ အဓိက အကြောင်းရင်းမှာ ဝန်ဆောင်မှုများကြောင့်ဖြစ်ပြီး အဆိုပါကဏ္ဍ တိုးတက်မှုသည် စုစုပေါင်းကုန်သွယ်မှုပမာဏ၏ ၆၀ ရာခိုင်နှုန်း ရှိသည်။ ၂၀၂၄ ခုနှစ် ကမ္ဘာ့ကုန်သွယ်မှုသည် ၂၀၂၃ ခုနှစ်၏ ကုန်သွယ်မှုပမာဏထက် ၃ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်မှု နောက်ဆုံးရအချက်အလက်များဟု အမည်ပေးထားသည့် အစီရင်ခံစာတွင်ဖော်ပြထားသည်။

ထို့ပြင် ကမ္ဘာ့ကုန်သွယ်မှုတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ကုန်သွယ်မှုပမာဏသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်သွယ်မှုပမာဏကို ကျော်တက်လာပြီး ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကုန်သွယ်မှုပမာဏမှာ နေးကွေးနေခဲ့သည်။

ယခု ၂၀၂၅ ခုနှစ် အစောပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာကုန်သွယ်မှုသည် တည်ငြိမ်လျက်ရှိသော်လည်း နိုင်ငံများကြား ပထဝီ စီးပွားရေးတင်းမာမှုများ၊ မိမိနိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်သည့် မူဝါဒများနှင့် ကုန်သွယ်ရေးအငြင်းပွားမှုများကြောင့် ကမ္ဘာ့ကုန်သွယ်မှုကို ရပ်တန့်စေနိုင်သည်ဟု ကုလသမဂ္ဂကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကထုတ်ပြန်သည့် အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

**Source : Xinhua**

https://www.myawady.net.mm/

## STOCK EXCHANGE (17.3.2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Mar. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,581 (Shares) | 7,316,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,200 | +0 | +0.00% | 7,100 | 7,200 | 7,100 | 633 | 4,555,000 | 33,109,694 | 238,390 |
| MTSH | 00002 | 3,050 | +50 | +1.67% | 2,950 | 3,050 | 2,950 | 605 | 1,810,550 | 38,929,150 | 118,734 |
| MCB | 00003 | 7,600 | -200 | -2.56% | 7,600 | 7,600 | 7,600 | 2 | 15,200 | 10,400,986 | 79,048 |
| FPB | 00004 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 57 | 102,250 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | -50 | -1.75% | 2,800 | 2,800 | 2,800 | 4 | 11,200 | 12,823,224 | 35,905 |
| EFR | 00006 | 1,600 | +0 | +0.00% | 1,600 | 1,600 | 1,550 | 73 | 114,450 | 19,977,223 | 31,964 |
| AMATA | 00007 | 4,000 | +0 | +0.00% | 3,950 | 4,000 | 3,950 | 60 | 237,500 | 10,497,598 | 41,990 |
| MAEX | 00008 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 147 | 470,400 | 23,804,946 | 76,176 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 17th Mar. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.18 | +0.37 | +0.10% | 355.33 | 358.18 | 353.30 | 1,581 | 7,316,550 | 8 | 675,603 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 17th Mar. 2025

| Trading Volume | Trading Value |
|---|---|
| 1,581 (Shares) | 7,316,550 (MMK) |

## Main Board

As of 1:00 pm, 17th Mar. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,581 (Shares) | 7,316,550 (MMK) |

| MYANPIX | 358.18 ▲ 0.37 |
|---|---|
| Total Volume (shares) | 1,581 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 675,603 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,200 | ▲ 0 |
| MTSH | 00002 | 3,050 | ▲ 50 |
| MCB | 00003 | 7,600 | ▼ 200 |
| FPB | 00004 | 1,800 | ▲ 50 |
| TMH | 00005 | 2,800 | ▼ 50 |
| EFR | 00006 | 1,600 | ▲ 0 |
| AMATA | 00007 | 4,000 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 0 |